ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပဲခူးတိုင်းဒေသကြီးလွှတ်တော်

# ပဲခူးတိုင်းဒေသကြီး လမ်းများ၊ တံတားများဥပဒေ

(၂၀၁၅ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် -၄)

၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

# ပဲခူးတိုင်းဒေသကြီး လမ်းများ၊ တံတားများ ဥပဒေ

(၂၀၁၅ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် - ၄ ။)

၁၃၇၇ ခုနှစ်၊ ဝါခေါင် လဆန်း ၅ ရက်

( ၂၀၁၅ ခုနှစ်၊ ဩဂုတ် လ ၂၀ ရက် )

## နိဒါန်း

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ပဲခူးတိုင်း ဒေသကြီး အတွင်း လမ်းများ၊ တံတားများ စနစ်တကျ စီမံခန့်ခွဲ အသုံးပြုနိုင်ရေး အတွက် ပဲခူးတိုင်းဒေသကြီး လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ပဲခူးတိုင်းဒေသကြီး လမ်းများ၊ တံတားများ ဥပဒေ ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေကိုပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကအမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ကြေငြာသည့် နေ့မှစ၍ ပဲခူးတိုင်းဒေသကြီး တဝှမ်းလုံး အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပါယ်သက်ရောက် စေရမည်-

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး** ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးကို ဆိုသည်။

(င) **တိုင်းဒေသကြီး လမ်းဦးစီးဌာန** ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာနကို ဆိုသည်။

(စ) **တိုင်းဒေသကြီး ညွှန်ကြားရေးမှူး** ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာန အကြီးအမှူးကို ဆိုသည်။

(ဆ) **လမ်း** ဆိုသည်မှာ အစိုးရအဖွဲ့က ဤဥပဒေရ လုပ်ထုံးလုပ်နည်းဖြင့် သတ်မှတ်သော လမ်းနှင့် ယင်းလမ်း၏ နယ်နိမိတ် သို့မဟုတ် လမ်းမကြီးနှင့် ယင်းလမ်းမကြီး၏ နယ်နိမိတ်ကို ဆိုသည်။

(ဇ) **တံတား** ဆိုသည်မှာ အစိုးရအဖွဲ့က ဤဥပဒေ အလို့ငှာ လုပ်ထုံးလုပ်နည်းဖြင့် သတ်မှတ်သော တံတားကို ဆိုသည်။

(ဈ) **ယာဉ်** ဆိုသည်မှာ စီးနင်းလိုက်ပါရန် ဖြစ်စေ၊ ကုန်စည် သယ်ယူ ပို့ဆောင်ရန် ဖြစ်စေ၊ စက်စွမ်းအားဖြင့် လည်းကောင်း၊ စွမ်းအင်တစ်မျိုးမျိုးဖြင့် လည်းကောင်း ကုန်းပေါ်တွင် မောင်းနှင်သွားလာသည့် ယာဉ်အမျိုးမျိုးကိုဆိုသည်။

(ည) **လှည်း** ဆိုသည်မှာ လူဖြင့်ဖြစ်စေ၊ တိရစ္ဆာန်ဖြင့် ဖြစ်စေ ဆွဲခြင်း၊ တွန်းခြင်း သို့မဟုတ် တွဲခြင်းဖြင့် ရွေ့လျားစေသော ဘီးတပ်လှည်း တစ်မျိုးမျိုးကို ဆိုသည်။

(ဋ) **ဘီးကွပ်** ဆိုသည်မှာ ဘီးတွင် တပ်ဆင်ထားသည့် သံချိန်း၊ သံသွား၊ သံကြိုး၊ သံပတ်၊ ရော်ဘာတစ်မျိုးမျိုးကို ဆိုသည်။

(ဌ) **တိရစ္ဆာန်** ဆိုသည်မှာ ကျွဲ၊ နွား၊ ဆင်၊ မြင်း၊ မြည်း၊ လား၊ သိုး၊ ဆိတ်၊ ဝက် နှင့် အစိုးရ အဖွဲ့က အခါအားလျော်စွာ သတ်မှတ်ထုတ်ပြန်ထားသော သတ္တဝါတို့ကို ဆိုသည်။

(ဍ) **အသုံးပြုသူ** ဆိုသည်မှာ အစိုးရအဖွဲ့က ဤဥပဒေအရ သတ်မှတ်သော လမ်း နှင့် တံတားပေါ်တွင် သွားလာသူ သို့မဟုတ် အခြားနည်းလမ်းဖြင့် အသုံးပြုသူကိုဆိုသည်။

(ဎ) **အသုံးပြုခြင်း** ဆိုသည်မှာ အစိုးရအဖွဲ့ကသတ်မှတ်သော လမ်း နှင့် တံတားကို တစ်နည်းနည်းဖြင့် အသုံးပြုခြင်းကို ဆိုသည်။

(ဏ) **အသုံးပြုခ** ဆိုသည်မှာ အစိုးရအဖွဲ့က သတ်မှတ်သော လမ်း နှင့် တံတားကို တစ်နည်းနည်းဖြင့် အသုံးပြုခြင်း အတွက် ပေးဆောင်ရမည့် အခကြေးငွေကို ဆိုသည်။

(တ) **ကြီးကြပ်သူ** ဆိုသည်မှာ အသုံးပြုခ ကောက်ခံရေး ကြီးကြပ်ရန် အစိုးရအဖွဲ့က သတ်မှတ်သည့် အဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းကို ဆိုသည်။

(ထ) ကောက်ခံသူ ဆိုသည်မှာ အသုံးပြု၍ ကောက်ခံရန် ကြီးကြပ်သူ က တာဝန်ပေးအပ်ခြင်း ခံရသူကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လမ်းနှင့်တံတား ဖောက်လုပ်ခြင်းဖြင့် မြို့နယ်တစ်ခုနှင့် တစ်ခု၊ ခရိုင်တစ်ခုနှင့်တစ်ခုအကြား၊ လမ်းပန်းဆက်သွယ်မှု လွယ်ကူစေပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ ချစ်ကြည် ရင်းနှီးမှု ပိုမိုခိုင်မာလာစေရန်နှင့် နယ်မြေဒေသအားလုံး စီးပွားရေး၊ လူမှုရေး အပါအဝင် ဘက်စုံမျှတစွာ ဖွံ့ဖြိုး တိုးတက်စေရန်၊

(ခ) လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးနှင့် ကုန်စည် စီးဆင်းမှု သွက်လက် မြန်ဆန်စေရေး တို့ကို အထောက် အကူ ဖြစ်စေရန်၊

(ဂ) တိုင်းဒေသကြီး အတွင်းရှိ လမ်းနှင့်တံတား အသစ်များ ဖောက်လုပ်ခြင်းဖြင့် လည်းကောင်း၊ တိုင်းဒေသကြီး နှင့် ဆက်သွယ်လျက်ရှိသည့် အခြား ပြည်နယ်/ တိုင်းများသို့ ဆက်သွယ်သည့် လမ်း နှင့် တံတားများ ချိတ်ဆက် ဖောက်လုပ်ခြင်းဖြင့် လည်းကောင်း၊ အိမ်နီးချင်း နိုင်ငံများ နှင့် ဆက်သွယ်သည့် လမ်းမကြီးများဖြင့် ချိတ်ဆက် ဖောက်လုပ်ခြင်းဖြင့် လည်းကောင်း နိုင်ငံတော် ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူ ဖြစ်စေရန်၊

(ဃ) လမ်းနှင့်တံတား တိုးချဲ့ခြင်း၊ ရေရှည်တည်တံ့ရေးအတွက် ပြုပြင် ထိန်းသိမ်းခြင်း လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်ရန်၊

(င) လမ်းနှင့်တံတားများပေါ်တွင် ဖြတ်သန်းသွားလာ အသုံးပြု ခြင်း နှင့် စပ်လျဉ်း၍ စနစ်တကျ ကြီးကြပ်ကွပ်ကဲနိုင်ရန်။

## အခန်း(၃)

## ဝန်ကြီးဌာန၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၄။ ဝန်ကြီးဌာန၏ တာဝန် နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) တိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်မှု ခေတ်မီဖွံ့ဖြိုး တိုးတက်စေရေးအတွက် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မူဝါဒများချမှတ်ခြင်း၊

(ခ) လမ်း နှင့် တံတားများ ဖောက်လုပ်ရေး အတွက် နှစ်တို၊ နှစ်ရှည် စီမံကိန်း အထူးအဖွဲ့ စီမံကိန်းများကို အစိုးရထံ တင်ပြပြီး သဘောတူညီချက် ရယူဆောင်ရွက်ခြင်း၊

(ဂ) အိမ်နီးချင်းနိုင်ငံများ နှင့် ဆက်သွယ်သည့် လမ်းမကြီးများဖြင့် ချိတ်ဆက်မည့် လမ်းနှင့် တံတားများကို အစိုးရအဖွဲ့မှတဆင့် ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စီမံကိန်းချမှတ်၍ ဖောက်လုပ်ခြင်း၊

(ဃ) စီမံကိန်းများကို သတ်မှတ်ကာလ အတွင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကြီးကြပ်ခြင်း၊

(င) လမ်း နှင့် တံတားများ၏ နယ်နိမိတ်ကို အစိုးရအဖွဲ့ထံ တင်ပြ၍ သတ်မှတ်ကြေငြာခြင်း၊

(စ) ပြည်နယ်အတွင်းရှိ ပြည်ထောင်စုလမ်းများ ဖောက်လုပ်ရန်၊ တိုးချဲ့ရန် လမ်းအထူးအဖွဲ့များ၊ အထူးစီမံကိန်းကြီးများ၊ ကုမ္ပဏီများ ဝင်ရောက် လုပ်ကိုင်သည့်အခါ အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဆ) တိုင်းဒေသကြီး အတွင်းရှိ လမ်းနှင့်တံတားများ ပြုပြင်ထိန်းသိမ်းရန် ကြီးကြပ်ခြင်း၊

(ဇ) တိုင်းဒေသကြီး အတွင်းရှိ လမ်းနှင့်တံတားများ ဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းတို့ နှင့် စပ်လျဉ်း၍ တည်ဆဲ ဥပဒေများ နှင့်အညီ စီးပွားရေး အဖွဲ့အစည်း တစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦး နှင့် ဖက်စပ် လုပ်ကိုင် ဆောင်ရွက်ခြင်း၊ စီးပွားရေး အဖွဲ့အစည်း တစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ် တစ်ဦးဦးအား စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ကိုင် ဆောင်ရွက်ခွင့်ပြုခြင်း၊

(ဈ) တိုင်းဒေသကြီး အတွင်းရှိ လမ်းနှင့်တံတားများ ဖောက်လုပ်ခြင်းနှင့် တိုးချဲ့ခြင်းများ ပြုလုပ်ရာတွင် မြေသိမ်းယူခြင်း နှင့် အဆောက်အဦ ဖယ်ရှားခြင်းများကို အစိုးရအဖွဲ့ထံ တင်ပြ၍ တည်ဆဲဥပဒေ နှင့်အညီ ဆောင်ရွက်ခြင်း။

(ည) တိုင်းဒေသကြီး အတွင်းရှိ လမ်းမကြီးများ ဖောက်လုပ်ခြင်း နှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် နည်းပညာများ ဖလှယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ရာ၌ ပြည်ပနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ နှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့ထံ တင်ပြပြီး ပြည်ထောင်စု အစိုးရအဖွဲ့ သဘော တူညီချက်ဖြင့် ဆောင်ရွက်ခြင်း၊

(ဋ) တိုင်းဒေသကြီး အတွင်းရှိ လမ်းများ ဖောက်လုပ်ခြင်း၊ ပြုပြင် ထိန်းသိမ်းခြင်းတို့နှင့် စပ်လျဉ်း၍ သုတေသန လုပ်ငန်းများ ဆောင်ရွက်ခြင်း။

၅။ ဝန်ကြီးဌာန၏ တင်ပြချက်အရ အစိုးရအဖွဲ့သည် အောက်ပါလုပ်ငန်းများကို သတ်မှတ်နိုင်သည်-

(က) အသုံးပြုခကောက်ခံမည့် လမ်းတံတားကိုသတ်မှတ်ခြင်း၊

(ခ) အသုံးပြုခကောက်ခံမည့် နှုန်းထားသတ်မှတ်ခြင်း၊

(ဂ) အသုံးပြုခ ကောက်ခံမည့် ယာဉ်အမျိုးအစား နှင့် ဝန်အလေးချိန်ကို သတ်မှတ်ခြင်း၊

(ဃ) အသုံးပြုခ ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း၊

(င) ရာသီဥတုနှင့် အခြေအနေပေါ် မူတည်၍ ဖြတ်သန်းမောင်းနှင်မည့် ယာဉ် အမျိုးအစား နှင့် ဝန်အလေးချိန်တို့ကို အခါအားလျော်စွာ ပြောင်းလဲ သတ်မှတ်ခြင်း။

## အခန်း(၄)

## တိုင်းဒေသကြီး လမ်းဦးစီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၆။ တိုင်းဒေသကြီး လမ်းဦးစီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) တိုင်းဒေသကြီး အတွင်း လမ်းပန်းဆက်သွယ်မှု ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဖွဲ့က ချမှတ်ထားသည့် မူဝါဒများ နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) တိုင်းဒေသကြီး အတွင်းရှိ လမ်း နှင့် တံတားများ ဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်းနှင့် စပ်လျဉ်း၍ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနသို့ နှစ်တိုနှစ်ရှည် စီမံကိန်းများ၊ အထူးစီမံကိန်းများနှင့် လုပ်ငန်း အစီအစဉ်များ ရေးဆွဲတင်ပြခြင်း၊

(ဂ) သတ်မှတ်ကာလအတွင်း စီမံကိန်းများ အချိန်မီ ပြီးစီးရေး အတွက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဃ) တိုင်းဒေသကြီး အတွင်းရှိ လမ်းများ၊ တံတားများ အသစ် ဖောက်လုပ် တည်ဆောက်ရေးအတွက် လမ်းအူကြောင်း ရှာဖွေခြင်း၊ တိုင်းတာ ပုံထုတ် ပေးခြင်း၊ လမ်းသား တည်ဆောက်ပေးခြင်း နှင့် စပ်လျဉ်းသည့် လုပ်ငန်း ကိစ္စရပ်များကို အစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက် ရယူ ဆောင်ရွက်ခြင်း၊

(င) တိုင်းဒေသကြီး အတွင်းရှိ လမ်းနှင့်တံတားများ ရေရှည် တည်တံ့ရေးအတွက် ပြုပြင်ခြင်း နှင့် ထိန်းသိမ်းခြင်း၊

(စ) တိုင်းဒေသကြီး အတွင်းရှိ လမ်း နှင့် တံတားများ၏ နယ်နိမိတ် အတွင်း သစ်ပင်များ စိုက်ပျိုးခြင်း နှင့် အန္တရာယ်ရှိသော သစ်ပင်များကို ရှင်းလင်းခြင်း၊

(ဆ) တိုင်းဒေသကြီး အတွင်းရှိ လမ်းများ၏ လမ်းပုခုံးသား အကျယ် သတ်မှတ်ခြင်း၊

(ဇ) တိုင်းဒေသကြီး အတွင်းရှိ လမ်းများ တိုးချဲ့ရာတွင် လည်းကောင်း၊ ပြုပြင်ရာတွင် လည်းကောင်း လမ်းပေါ် ၌ အချိန်ကာလ သတ်မှတ်၍ ဖြတ်သန်းသွားလာမှုကို ပိတ်ထားခြင်းနှင့် လမ်းပိတ်ထားချိန်တွင် သွားလာရန် လမ်းလွှဲဖောက်ထားခြင်း၊

(ဈ) တိုင်းဒေသကြီးအတွင်းရှိ လမ်းများပေါ်တွင် မောင်းနှင် သွားလာခွင့် မပြုသည့် ယာဉ် နှင့် ဘီးအမျိုးအစားကို လည်းကောင်း၊ ယာဉ် နှင့် ဝန်တင် အလေးချိန်ကို လည်းကောင်း၊ ယာဉ် နှင့် လှည်းတွင် အသုံးပြုသည့် ဘီးကွပ်ကိုလည်းကောင်းသတ်မှတ်ခြင်း၊ ယင်း သတ်မှတ် ချက်များကို လိုက်နာခြင်း ရှိ/ မရှိ စစ်ဆေးခြင်း၊ ကြီးကြပ် ခြင်း နှင့် အရေးယူခြင်း၊

(ည) တိုင်းဒေသကြီး အတွင်းရှိ လမ်းများပေါ်တွင် လှည်းနှင့် တိရစ္ဆာန်များ ဖြတ်သန်းသွားလာခြင်း၊ ရပ်နားခြင်း နှင့် စပ်လျဉ်း၍ လိုက်နာရမည့် စည်းကမ်းများ သတ်မှတ် ခြင်း၊ ယင်းစည်းကမ်းချက်များကို လိုက်နာခြင်း ရှိ/ မရှိ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း နှင့် အရေးယူခြင်း၊

(ဠ) တိုင်းဒေသကြီး အတွင်းရှိ လမ်းများ ပျက်စီးခြင်းမှ ကာကွယ်ရန် လိုအပ်သည့် တားမြစ်ချက်များ ထုတ်ပြန်ခြင်း၊ တားမြစ်ချက်များကို လိုက်နာခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊ကြီးကြပ်ခြင်း နှင့် အရေးယူခြင်း၊

(ဣ) တိုင်းဒေသကြီး အတွင်းရှိ လမ်းကို ဖြတ်သန်း၍ တစ်စုံတစ်ရာ ဖောက်လုပ်ခြင်း၊ ဆောက်လုပ်ခြင်းနှင့် လမ်း၏နယ်နိမိတ်အတွင်း အဆောက်အအုံ ဆောက်လုပ်ခြင်း၊ ကြော်ငြာဆိုင်းဘုတ် စိုက်ထူခြင်းများအတွက် စိစစ်ပြီး ဝန်ကြီးဌာနသို့ တင်ပြ၍ ခွင့်ပြုချက် ရယူခြင်း၊

(ဍ) တိုင်းဒေသကြီး အတွင်းရှိ လမ်းဖြတ်သန်း ကောက်ခံမည့် လမ်း နှင့် တံတားဂိတ်များတွင် သတ်မှတ်ထားသော ယာဉ် နှင့် ဝန်တင်အလေးချိန်ကို စစ်ဆေးသည့်အခါ မရိုးမဖြောင့်သောသဘောဖြင့် လမ်းနှင့် တံတားဂိတ်များအား ရှောင်ကွင်း မောင်းနှင်၍ လမ်းမကြီးပေါ်သို့ ပြန်တက်သည့် ယာဉ်များ၊ တန်ပိုတင်ဆောင်ထားသည့် ယာဉ်များ နှင့် ကုန်တင်ယာဉ်များအား စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း နှင့် အရေးယူခြင်း။

၇။ တိုင်းဒေသကြီး လမ်းဦးစီးဌာနသည် မိမိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့် အချို့ကို ဆောင်ရွက်ရန် ခရိုင် နှင့် မြို့နယ် လမ်းဦးစီးဌာန၏ လုပ်ငန်းများအား တာဝန်ပေးနိုင်သည်။

## အခန်း(၅)

## တားမြစ်ချက်များ

၈။ ကြီးကြပ်သူသည်-

(က) အသုံးပြုခကို သတ်မှတ်သည့် နှုန်းထား အတိုင်း ကောက်ခံ နိုင်ရေးအတွက် တာဝန်ယူ ကြီးကြပ်ရမည်။

(ခ) အသုံးပြုခကို ကောက်ခံခွင့်ရှိသူ မှအပ မည်သူမှ ကောက်ခံခြင်း မပြုရန် ကြီးကြပ်ရမည်။

၉။ ကောက်ခံသူသည် အသုံးပြုခကို ယာဉ်မောင်း သို့မဟုတ် အသုံးပြုသူထံမှ သတ်မှတ်ထားသော နှုန်းထားအတိုင်း ကောက်ခံရမည်။ပိုမို ကောက်ခံခြင်း မပြုရ။

၁၀။ အသုံးပြုခကို ကောက်ခံခွင့်ရှိသူ မှအပ မည်သူမျှ ကောက်ခံခြင်း မပြုရ။

၁၁။ လမ်းဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ

(က) တိုင်းဒေသကြီး အတွင်းရှိ လမ်းများကို ဖြတ်သန်း၍ တစ်စုံတရာ ဖောက်လုပ်ခြင်း သို့မဟုတ် ဆောက်လုပ်ခြင်း မပြုရ။

(ခ) တိုင်းဒေသကြီး အတွင်းရှိ လမ်းများ၏ နယ်နိမိတ်များ အတွင်း အဆောက်အအုံ ဆောက်လုပ်ခြင်း၊ ကန်တူးဖော်ခြင်း မပြုရ။

၁၂။ တိုင်းဒေသကြီးအတွင်းရှိ လမ်းဖြတ်သန်းခကောက်ခံသည့် လမ်း၊ တံတားဂိတ်များတွင် မရှိမဖြောင့်သော သဘောဖြင့် အောက်ပါစည်းကမ်း ဖောက်ဖျက်ခြင်းမပြုရ-

(က) လမ်း၊ တံတား ဂိတ်များကို ရှောင်ကွင်း မောင်းနှင်၍ လမ်းမကြီးပေါ်သို့ ပြန်တက်ခြင်း။

(ခ) သတ်မှတ် တန်ပိုကြေးများ မပေးဆောင်ရရေးအတွက် တစ်နည်းနည်းဖြင့် ကုန်ကဲ့၍ တန်ပိုလျော့အောင် ပြုလုပ်ခြင်း။

၁၃။ မည်သူမဆို

(က) တိုင်းဒေသကြီး အတွင်းရှိ လမ်းများ ဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်း လုပ်ငန်းကို နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း မပြုရ။

(ခ) တိုင်းဒေသကြီးအတွင်းရှိ လမ်းများပေါ်တွင် မောင်းနှင်သွားလာခြင်း မပြုရန် သတ်မှတ်ထားသည့် ယာဉ်၊ ဘီးအမျိုးအစား၊ ဝန်တင် အလေးချိန်ပါယာဉ်ကို မောင်းနှင်ခြင်း သို့မဟုတ် ဘီးကွပ်ကို အသုံးပြုခြင်း မပြုရ။

(ဂ) တိုင်းဒေသကြီး အတွင်းရှိ လမ်းများ၏ နယ်နိမိတ်အတွင်း လမ်းဦးစီးဌာန၏ ခွင့်ပြုချက် မရှိဘဲ သီးနှံစိုက်ပျိုးခြင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်ပင်ခုတ်ခြင်း၊ ဖျက်ဆီးခြင်း မပြုရ။

(ဃ) လမ်းဦးစီးဌာနက လမ်းနယ်နိမိတ် အတွင်း အန္တရာယ်ရှိသော သစ်ပင်များကို သစ်တောဥပဒေ နှင့်အညီ ရှင်းလင်းရာတွင် နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း မပြုရ။

၁၄။ မည်သူမဆို

(က) တိုင်းဒေသကြီး အတွင်းရှိ လမ်း နှင့် တံတားများ ပျက်စီးခြင်းမှ ကာကွယ်ရန် ထုတ်ပြန်ထားသည့် တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ။

(ခ) တိုင်းဒေသကြီး အတွင်းရှိ လမ်းနှင့်တံတားများတွင် လှည်းနှင့် တိရစ္ဆာန်များ ဖြတ်သန်း သွားလာခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသည့် စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ။

(ဂ) တိုင်းဒေသကြီး အတွင်းရှိ လမ်းနှင့် တံတားများပေါ်တွင် သွားလာမှုကို အနှောင့်အယှက် သော်လည်းကောင်း၊ ဘေးအန္တရာယ် သော်လည်းကောင်း ဖြစ်စေမည့် ပစ္စည်းကို တမင် ထားရှိခြင်း မပြုရ။

(ဃ) တိုင်းဒေသကြီး အတွင်းရှိ လမ်းနှင့် တံတားများ နယ်နိမိတ် အတွင်း လမ်းဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ကြော်ငြာဆိုင်းဘုတ် စိုက်ထူခြင်း မပြုရ။

(င) အခြားယာဉ်များ သွားလာမှုကို ဘေးအန္တရာယ် ဖြစ်စေရန် စည်းကမ်းမဲ့စွာ လမ်းမပေါ်တွင် ယာဉ်ရပ်နားခြင်း မပြုရ။

## အခန်း(၆)

## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၁၅။ အသုံးပြုသူ (သို့မဟုတ်) ယာဉ်မောင်းသည် အသုံးပြုခကို ပေးဆောင်ရန် ပျက်ကွက်လျှင် အစိုးရအဖွဲ့က သတ်မှတ်ထားသည့် အသုံးပြုခနှင့် ဒဏ်ငွေကို ပေးဆောင်ရမည်။

၁၆။ မည်သူမဆို ပုဒ်မ ၉ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း၊ ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ကြောင်း သို့မဟုတ် အားပေးကူညီကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူသည် သုံးလထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ကျခံစေရမည့်အပြင် လုပ်ငန်း လုပ်ကိုင်ခွင့်ကို ရပ်စဲခြင်း ခံရမည်။

၁၇။ မည်သူမဆို ပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း၊ ဖောက်ဖျက် ကျူးလွန်ရန် အားထုတ်ကြောင်း သို့မဟုတ် အားပေး ကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူသည် ခြောက်လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်း အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၁၈။ မည်သူမဆို ပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်အား ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူသည် သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ကျခံစေရမည်။

၁၉။ မည်သူမဆို ပုဒ်မ ၁၂၊ ၁၃ ပါ ပြဋ္ဌာန်းချက်အား ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်တစ်သိန်း အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ကျခံစေရမည်။

၂၀။ မည်သူမဆို ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်အား ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူသည် သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သောင်း မှ အများဆုံး ကျပ်တစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

## အခန်း (၇)

## အထွေထွေ

၂၁။ အစိုးရအဖွဲ့ လက်အောက်ရှိ အခြားဝန်ကြီးဌာန သို့မဟုတ် အဖွဲ့အစည်း၏ လုပ်ငန်း လိုအပ်ချက်အရ တိုင်းဒေသကြီးလမ်းကို ဖြတ်သန်း၍ မြေအောက်ပိုက်လိုင်း ဆက်သွယ်ခြင်း၊ မြေအောက်လျှပ်စစ်ဓါတ်အားလိုင်း ဆက်သွယ်ခြင်း၊ မြေအောက်ကြေးနန်းလိုင်း ဆက်သွယ်ခြင်း သို့မဟုတ် မြောင်းဖောက်လုပ်ခြင်း ပြုလုပ်ပါက ဝန်ကြီးဌာနမှတဆင့် အစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရယူ ဆောင်ရွက်ရမည်။

၂၂။ ဝန်ကြီးဌာနသည် အသုံးပြုခ နှုန်းထားများ၊ ဒဏ်ငွေများ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို အများပြည်သူ သိရှိနိုင်စေရန် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်ကြေငြာရမည်။

၂၃။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၂၄။ ဤဥပဒေအရ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ ညွှန်ကြားချက်များ မထုတ်ပြန်မီ လမ်းမကြီးများ ဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် ၈/၂၀၀၀) ထုတ်ပြန်ထားသော နည်းဥပဒေများ အမိန့်များ နှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ကျင့်သုံးနိုင်သည်။

၂၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်ကို ဆောင်ရွက်နိုင်ရန်အတွက်-

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်၊ ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ဦးဇော်ဝင်း

ဝန်ကြီးချုပ်

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့။